
ဘာသာပြန် စာရေးဆရာ - Dr – Panda
ဓားတန်ခိုးရှင်၏ ဒဏ္ဍာရီ
ဂိပ္ပူတန်ခိုးရှင်
စာစဉ် ၅

# Chapter 1

## ( သတ်သတ်သတ်...)

"သူ့ကို ဒီနေရာကနေ ထွက်ခွာခွင့် ပေးလို့ မဖြစ်ဘူး၊"

တောင်ပေါ်မှာ လှလှပပ ဝတ်စားထားတဲ့ တပည့် ခြောက်ယောက်က လည်း အော်ဟစ် လိုက်ပါတယ်၊ အခုဆို သူတို့ ရဲ့ အကာအကွယ် ဝင်္ကပါ ပျက်စီးသွားတဲ့ အတွက် ဝင်္ကပါထဲကနေ အပြင်ကို မထွက်သွားနိုင်တဲ့ နာကျင်စွာ အော်ဟစ် ညည်းညူသံတွေဟာ ကြားနိုင်သွားခဲ့ပါပြီ၊ သူတို့ ကို အနေးနဲ့ အမြန် ရှာတွေ့မှာ ပါ၊ နောက် ဂျိနင်က လွတ်သွားခဲ့ရင် လူ တိုင်းက သူတို့ ကို ချက်ချင်း ရှာတွေ့တော့မှာ သေချာပါတယ်။

သူတို့ ရဲ့ ဝင်္ကပါရဲ့ အလံတိုင်ကိုလည်း ပြန်လုမှ ရပါမယ်၊ ဒါကြောင့် ဂျိနင်က သေကို သေရမှာ ပါ။

သူတို့ ရဲ့ လူတွေ အကုန်လုံးက ဂျိနင်ဆီကို ပြေးဝင် သွားကြပါတော့ တယ်။

နင် ချက်ချင်းပဲ ဝင်္ကပါ အလံတိုင်ကို မှော်သိုလှောင်ခန်းထဲ ထည့်သိ မ်းလိုက်ပါတယ်၊ တစ်ချိန်တည်းမှာ တောင်ပံမှော်ရတနာကို လှုပ်ရှားလို က်ပြီးတော့ သူအပြင်ကို ပြေးထွက်သွားပါတော့တယ်၊ တစ်ချိန်တည်းမှ မီးပင်လယ်တစ်ခု ဖြစ်ပေါ် လာပြီးတော့ သူ့ဆီပြေးလာတဲ့ လူတွေ အကု န်လုံးကို လောင်ကျွမ်း ဝါးမျိုသွားပါတော့တယ်၊ ပတ်ဝန်းကျင်မှာ နာကျ

င်စွာ အော်ဟစ်သံတွေ ဆူညံသွားခဲ့ပါတယ်။

ဝှစ်.... ဝှစ်.... ဝှစ်....

လူအုပ်ကြီးထဲက လူ ၃ယောက်က နင်ဆီကို ရောက်လာခဲ့ပါတယ်။

"ဇင်တျန် တန်ခိုးရှင်တွေ.."

ဒီ ၃ယောက်လုံး ဇင်တျန် တန်ခိုးရှင်တွေမှန်း နင် သိလိုက်ပါတယ်။

"အင်း.. ကြည့်ရတာ ဒီလူယုတ်မာ အင်မော်တယ်ဆီမှာ ထိန်းချုပ်ခံထားရတဲ့ ဇင်တျန် တန်ခိုးရှင်တွေ တော်တော်များများ ရှိတယ်ထင်တယ် "

"သူ့ကို သတ်ပေ့"

"ဆရာကြီးက သူ့ကို သတ်ဖို့ အမိန့် ပေးလိုက်တယ်"

သူတို့ တွေက ပိုင်ဇီရှန်ရဲ့ အဆိပ်ကို စားသောက်မိပြီးတော့ ထိန်းချုပ်ခံထားရတဲ့ လူတွေပါ၊ သူတို့ တွေ ပိုင်ဇီချန်ရဲ့ အမိန့်ကို မနာခံပဲ မနေရဲပါဘူး၊ သူတို့ တွေ အလင်းတန်း ဖြစ်သွားပြီးတော့ နင်ကို ဘက်ပေါင်းစုံကနေ တိုက်ခိုက်လိုက်ပါတယ်၊ နင်က သူ့ရဲ့ လေတောင်ပံ ကိုယ်ဖော့ပညာနဲ့ ရိုးရိုးလေး ရှောင်ထွက်သွားပြီးတာ့ နားရွက်ကားကား ဝတုတ် တစ်ယောက်နဲ့ ထိပ်တိုက်ရင်ဆိုင် လိုက်ပါတော့တယ်။

"ရား....."

ဒီလူက သံတူကြီး တစ်ချောင်းကို ကိုင်ထားတာပါ။

"ရှစ်"

ဓားရောင်တစ်ချက် လက်သွားပြီးတော့ ဝတုတ် ရင်ဘတ်ကို ကိုင်ပြီး သွေးအိုင်ထဲ လဲကျသွားပါတယ်၊ ဂျိနင်ရဲ့ ဓားချက်က သူ့ရဲ့ နှလုံးသားကို

တိုက်ရိုက် ထိသွားခဲ့တာပါ။

"ညီလေး…"

သိမ်းငှက်နှုတ်သီးလို နှာခေါင်းနဲ့ လူက ပြေးဝင်လာပါတယ်၊ ဒီမှာ ဓားရောင် တစ်ချက် လက်သွားပြီးတော့ သူခေါင်းပြတ် သွားပါတော့တယ်၊ တတိယဇင်တျန် တန်ခိုးရှင်ကတော့ အဘိုးအို တစ်ယောက်ပါ၊ သူချက်ချင်းပဲ ကြောက်လန့်တကြား နောက်ဆုတ် ပြေးသွားပါတော့တယ်။

***

အဆုံးအစမဲ့ မီးပင်လယ်ကြီး ဆင်းသက်လာသလို ဇင်တျန် တန်ခိုးရှင် နှစ်ယောက် မျက်စိ တစ်မှိတ်အတွင်း အသတ်ခံ လိုက်ရပါတယ်၊ တတိယ တစ်ယောက်ကတော့ ကြောက်လန့်တကြား နောက်ဆုတ် ပြေးသွားပါတော့တယ်။

ခုနက တပည့်ခြောက်ယောက်လုံး တစ်ယောက်ကို တစ်ယောက် မယုံကြည်နိုင်စွာ ကြည့်မိလိုက်ကြ ပါတော့တယ်။

"ဘယ်လောက်တောင် ကြောက်ဖို့ ကောင်းတဲ့ အမြန်နှုန်းလဲ…"

"သူ့ဓားသိုင်းက ကျွန်တော်တို့ အားလုံးထက် သာနေတာ… သူ ဆရာတူ အစ်ကိုကြီးကို သတ်နိုင်တာ မဆန်းကြယ်တော့ပါဘူး"

သူတို့ တွေ အားလုံး တစ်ပြိုင်တည်း တိုက်ခိုက်ရင်တောင်မှ သေမင်းက သူတို့ ကိုပဲ စောင့်ကြိုနေမှာ ပါ။

နင်ကတော့ အခုဆို အသက်လိုက်နုတ်နေတဲ့ သေမင်း တစ်ကောင် လိုပါပဲ၊ တစ်ဖက်မှာ မရေမတွက်နိုင်အောင် မီးလောင်ပြီး သေသွားတဲ့

သူတွေ အများကြီးပါပဲ၊ ပြီးတော့ သေသွားတဲ့ ဇင်တျန် တန်ခိုးရှင်တွေနဲ့ ဝိညာဉ် တိရစ္ဆာန်ပါအပါဆို စုစုပေါင်း ဇင်တျန် တန်ခိုးရှင် ၁ဂယောက် ကျော် ဂျိနင် လက်အောက် အသက်ပျောက်ခဲ့ရပါပြီ။

"ရေနဂါး တာအို စစ်သည် တော်....."

ခန့်ညားတဲ့ လူငယ်လေးက အော်ဟစ်လိုက်ပါတယ်။

ကျန်တဲ့ တပည့် ၅ယောက်လည်း သဘောပေါက် သွားကြပါတယ်၊ သူတို့ တွေ ချက်ချင်းပဲ အသည်းအသန် အော်ဟစ် လိုက်ကြပါတော့တယ်၊ တစ်ချိန်တည်းမှာ သူတို့ တစ်ကိုယ်လုံးကို အနက်ရောင် ချပ်ဝတ်တန်ဆာတွေက ဖုံးအုပ် ကာကွယ် သွားပါတော့တယ်၊ သူတို့ ၆ယောက်လုံး ဆင်တူ အနက်ရောင် ချပ်ဝတ်တန်ဆာ ကိုယ်စီနဲ့ ဖြစ်သွားကြပါပြီ။

"ဝေါ.. ဝရော.. ဝုန်း..."

တောင်ကြီးတစ်ခုလုံး တုန်ခါလာပါတယ်၊ ဒီတောင်ကြီးက အောက်မှ၁ ကလိုင်ပေါက်ကြီးတွေ ဖြစ်နေခဲ့တာ ကြာလှပါပြီ၊ ဒီမှာ ခရီးသွားတော့ ဖြတ်သန်းခဲ့တဲ့ သူတွေကလည်း ဂူပေါက်လေးတွေ တည်ဆောက်ပြီး နားခဲ့ကြလို့ ပါ၊ ပြီးတော့ သာမန်လူတွေ သန်းပေါင်းများ စွာကို ဒီနေရာမှာ ဖမ်းဆီးပြီးတော့ နှိပ်စက်နေကြတာပါ၊ သူတို့ ကို ထည့်ထားဖို့ ဂူပေါက် ဘယ်လောက်တောင် လိုမလဲဆိုတာ စဉ်းစားကြည့်ပေါ့။

ရွှစ် ရွှစ်.. ရွှစ်.. ရွှစ်.. ဝှစ် ဝှစ်.. ဝှစ်

ကောင်းကင်ကနေ မိုးရေစက်တွေ ကျလာသလိုပါပဲ၊ အစိမ်းရောင် သံချပ်ကာနဲ့ တာအိုစစ်သည် တော်တွေ ဂူပေါက်တွေထဲကနေ ပျံသန်း ထွက်ပေါ်လာကြပါတယ်၊ ကောင်းကင် တစ်ခုလုံးတောင် မည်းသည်း

သွားပါတယ်၊ ဒီတာအိုစစ်သည် တောတွေရဲ့ ကိုယ်ပေါ်မှာ မှော်သင်္ကေတတွေ ရေးထားပါတယ်၊ ဒီမှော်သင်္ကေတတွေက ကမ္ဘာကြီးရဲ့ စွမ်းအင်တွေကို စုပ်ယူပြီးတော့ ဒီစက်ရုပ်တွေကို လှုပ်ရှားနိုင်အောင် ပြုလုပ်ပေးတာပါ။

"တာအို စစ်သည် တော်တွေ..."

နင် မျက်နှာ ပျက်သွားပါတယ်၊ သူ ဒါတွေကို တာအို စစ်သည် တော်မှန်း သိလိုက်ပါတယ်။

"ပြီးတော့ ဒီ စစ်သားတွေက ငါတို့ ဂျိကလန်ရဲ့ အနီရောင် အစောင့်အရှောက် တွေထက်ကို ပိုပြီး အစွမ်းထက်မယ်ထင်တယ်"

သူ့အတွေ့အကြုံတွေ အရ နားလည်လိုက်တာက ဒီမှော်သင်္ကေတတွေက ထွက်နေတဲ့ စွမ်းအင်တွေဟာ တော်တော်ကို ကြမ်းနေတဲ့ အတွက် သူတော်တော်ကို အံ့သြသွားပါတော့တယ်။

တာအို စစ်သည် တော်ပေါင်း သောင်းနဲ့ ချီပြီးတော့ ကောင်းကင်ပေါ်က ဆင်းသက် လာကြပါတယ်။

ဒီအဖွဲ့ထဲမှာ အနက်ရောင် သံချပ်ကာဝတ် တာအို စစ်သည် တော် ၁ ဂယောက်ကျော် ပါပါတယ်၊ အကုန်လုံး နင်ဆီကို ပြေးဝင်လာပါတော့တယ်။

"သတ်.. သတ်.. ငါ သတ်နိုင်သလောက်ကို သတ်မယ်..."

သူ ဒီစစ်သည် တော်တွေကို အတူတကွ တိုက်ခိုက်ခွင့်ကို မပေးနိုင်ပါဘူး၊ သူ့တောင်ပံနဲ့ အတူ စွန်ရဲ တစ်ကောင်လို ရွေ့သွားပါတော့တယ်၊ ဒီတာအို စစ်သည် တော်တွေအကုန်လုံး နီးပါးက ဟိုတျန် အဆင့်မှာ ပဲ ရှိပါသေးတယ်။

"မင်းတို့ တွေ့ သေလို့ ရပြီ"

ဂျိနင် မျက်နှာမှာ အဆိပ်ကြောင့် အနီစက်တွေ ပေါ်လာပါတယ်၊ သူ လုံးဝ ရှုးသွပ်နေပါပြီ၊ တစ်ချိန်တည်းမှာ ကောင်းကင်မီးတောက်နဲ့ ရေခဲ ပင်လယ်က ကောင်းကင်ကနေ ဆင်းသက် လာပြီးတော့ အရပ်မျက်နှာ အကုန်လုံးမှာ ရှိသမျှအကုန် ဝါးမျိုသွားပါတော့တယ်၊ နင်အခု သူ့ရဲ့ အစွ မ်းတွေ အကုန်လုံး သုံးလိုက်ပြီးတော့ ရေနဲ့ မီးကို ထိန်းချုပ်လိုက်တာပါ။

"သတိထားဟေ့"

"ဝင်္ကပါတိုက်ကွက် မြန်မြန်ခင်းတော့..."

တာအို စစ်သည် တော်ပေါင်း တစ်သောင်းကျော်လုံးဟာ ကိုးယော က်တစ်စုစီ ချိတ်ဆက် သွားကြပါတော့တယ်၊ ကမ္ဘာရဲ့ စွမ်းအင်တွေကို စု ပေါင်း ဆင့်ခေါ်လိုက်ကြပါတယ်၊ သူတို့ ရဲ့ ခန္ဓာကိုယ်တွေပေါ်ကနေ နဂါးကြီးတစ်ကောင်ရဲ့ ပုံရိပ်ပေါ်လာပါတယ်၊ ဒါပေမဲ့ ဒီလောက် ပြင်းထ န်တဲ့ ရေခဲနဲ့ မီးရဲ့ တိုက်ခိုက်မှုကနေပြီး တော်တော်များများ လွတ်ရုံ လွ တ်သွားခဲ့ပါတယ်၊ ပြောရရင် ရေမီး တိုက်ခိုက်မှုအောက်ကို တည့်တည့် ရောက်သွားတဲ့ စစ်သည် တော်တွေကတော့ ပျက်စီး သေဆုံးသွားကြပါ တယ်။

"တော်ဝင် ရေနဂါး ဝင်္ကပါ တိုက်ကွက်"

သံချပ်ကာ အနက်ဝတ် ဇင်တျန် တန်ခိုးရှင် ၁၀ယောက်ကျော်ဟာလ ည်း ဝင်္ကပါတိုက်ကွက်နဲ့ ပူးပေါင်း လိုက်ကြပါတယ်။

"မကောင်းဘူး...."

ဂျိနင် ရေအောက် နန်းတော်မှာ တုန်းက ဇင်တျန် တန်ခိုးရှင်အဆင့် က တာအို စစ်သည် တော် ဝတ်စုံကို အသုံးပြုတာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်၊

သူ ဘယ်လိုလုပ် သူတို့ တွေကို လုပ်ချင်တိုင်း လုပ်ခွင့်ပေးထားနိုင်မှာ လဲ ။

"ရေမီးကြာပန်း သူတို့ အကုန်လုံးကို အမှုန့်ခြေပစ်လိုက်စမ်း"

တစ်ချိန်တည်းမှာ ရေမီးကြာပန်း ၉ခု တစ်ပြိုင်တည်းပေါ် လာပြီးတော့ ဒီထဲက ၉ယောက်ကို ဝန်းရံလိုက်ပါတယ်။

ရေမီးကြာပန်းတွေဟာ ရုတ်တရက် ပေါ်လာတာ ဖြစ်ပြီးတော့ ချက်ချင်းပဲ သူတို့ ရဲ့ ပစ်မှတ်ကို အမှုန့်ခြေ လိုက်ပါတော့တယ်။

လက်မောင်းပေါ်မှာ ကင်းမီးကောက်ရှိနေတဲ့ မိန်းမလှလေး အော်ဟစ်ပြီးတော့ အမှုန့်ဖြစ်သွားပါတော့တယ်။

"မြန်မြန်ဟေ့"

"ဝက်ပါကို မြန်မြန်ဆင်ဟေ့"

အကုန်လုံးက ဝက်ပါကို မြန်မြန် ဆင်ချင်ကြပေမဲ့ ရေမီးကြာပန်းနဲ့ အဝိုင်းခံရတဲ့ လူ ၉ယောက်မှာ ၆ ယောက်က သေသွားခဲ့ပြီး ၃ယောက်က ဒဏ်ရာ အပြင်းအထန် ရရှိသွားခဲ့ပါတယ်၊ ကျန်တဲ့ ဇင်တျန် တန်ခိုးရှင်တွေ အကုန်လုံး ထိတ်လန့် သွားခဲ့ကြပါတော့တယ်၊ အရမ်း ကြောက်ဖို့ကောင်းလွန်းတဲ့ ပညာရပ်ပါပဲ၊ အဝေးကနေပြီးတော့ ဒီလူက ဇင်တျန် တန်ခိုးရှင်တွေကို သေအောင် သတ်နိုင်နေတယ် ဇင်တျန် တန်ခိုးရှင်တွေဟာ အဝေးက တိုက်ခိုက်မှုတွေကို မစွမ်းဆောင်နိုင်ကြတာ ပုံမှန်ပါပဲ၊ သူတို့ တွေ မှော်ရတနာတွေကိုလည်း စီးနင်းပျံသန်းလို့ မရသေးသလို ထိန်းချုပ်လို့ လည်း မရကြသေးပါဘူး။

သေသွားတဲ့ လူခြောက်ယောက်က တော်တော်ကို ကံဆိုးခဲ့ပါတယ်၊ သူတို့ တွေက နင် ထိန်းချုပ်ထားတဲ့ တာအိုရဲ့ အစစ်အမှန် အနှစ်သာရပါ

နေတဲ့ ရေမီးကြောပန်းကို အကြောက်အရွံ့မရှိ ရင်ဆိုင်ခဲ့တာပါ၊ သူတို့တွေသာ ဒါတွေကို ကြိုသိထားခဲ့ရင် အကာအကွယ် တာအို တံဆိပ်တော်တွေကို အသင့်ပြင်ထားကြမှာ ပါ၊ ဒါဆို သူတို့ တွေ ချက်ချင်း မသေနိုင်တော့ပါဘူး။

"ဝက်ပါကို ဆင်ပြီဟေ့"

အနက်ရောင် သံချပ်ကာထဲက လူငယ်လေးက အော်ပြောလိုက်ပါတယ်၊ သူ့ရဲ့ အနက်ရောင် သံချပ်ကာမှာ ရှိတဲ့ မှော်သင်္ကေတတွေက တောက်ပလာပါတော့တယ်၊ ဒီချိန်မှာ ပဲ ထောင်ပေါင်းများ စွာသော တာအို စစ်သည် တော်တွေကို ချိတ်ဆက်ထားတာကြောင့် ခုနက ပုံရိပ်ပေါ်နေတဲ့ နဂါးကြီးဟာ တဖြည်းဖြည်း ထင်ရှားလာပါတော့တယ်။

မျက်စိတစ်မှ ိတ်အတွင်းမှာ လူငယ်လေးနဲ့ တာအို စစ်သည်တော်ပေါင်း များ စွာဟာ တစ်သားတည်း ဖြစ်သွားကြပြီးတော့ ရေနဂါးကြီးတစ်ကောင် ပေါ်လာပါတော့တယ်။

"ဝက်ပါ စပြီဟေ့"

"ဝက်ပါ စပြီဟေ့"

ဇင်တျုန် တန်ခိုးရှင်တွေ တစ်ယောက်ပြီး တစ်ယောက် တာအို စစ်သည် တော်တွေနဲ့ ချိတ်ဆက် ကုန်ကြပါတော့တယ်၊ တချို့ကတော့ တာအို စစ်သည် တော် တစ်ထောင်လောက်နဲ့ ချိတ်ဆက်မိကြပြီး တချို့ကတော့ ငါးရာလောက်နဲ့ ချိတ်ဆက်ကုန်ပါတယ်၊ ဒီဝက်ပါ သိုင်းကွက်အတွက် ချိတ်ဆက်ဖို့ လိုအပ်တာက တာအို စစ်သည် တော် အများ ဆုံး တစ်ထောင်ပါ၊ ဒါပေမဲ့ နင်သတ်ခဲတာ အရမ်းကို များ ပြားပါတယ်။

"ကံမကောင်းတာက တာအိုစစ်သည် တော်တွေ အများကြီး

သေသွားခဲ့တယ်၊ အခုဆို ငါတို့ မှာ ဇထောင်လောက်တောင် မကျန်တော့ဘူး၊ မဟုတ်ရင် ငါတို့ တကယ့်ရေနဂါးကြီး အသွင်ပေါ်လာအောင် ချိတ်ဆက်လိုက်လို့ ရတယ်၊ အဲဒါဆိုရင် သူ့ကို အသာလေး သတ်လို့ ရနေပြီ"

ရေနဂါး ပုံရိပ်ကြီးတွေ တစ်ကောင်ပြီး တစ်ကောင် လေထဲမှာ ပေါ်လာပါတယ်၊ ရေနဂါး ၈ကောင် ရှိပါတယ်၊ သူတို့ တစ်ကောင်စီဟာ ဇင်တျန် တန်ခိုးရှင်တစ်ယောက်နဲ့ တာအို စစ်သည် တော် တစ်ထောင် ချိတ်ဆက်ပြီးတော့ ဖြစ်လာခဲ့တဲ့ ဝက်ပါ သိုင်းကွက်တွေပါ။

"အင်း.. ဒါပေမဲ့ ငါတို့ တွေ တကယ့် ရေနဂါးကြီး အသွင်ကို မပြောင်းနိုင်သေးပေမဲ့လည်း သူသေရမှာ ပါပဲ"

***

တောင်အောက်က မြေအောက် လျှို့ဝှက်ခန်းထဲမှာ တော့....

အစိမ်းရောင် မီးတောက်ဟာ ဆေးပေါင်းအိုးထဲမှာ တောက်လောင်နေပါတယ်၊ သွေးရောင်တောက်နေတဲ့ အလံတိုင်ဟာ အထဲမှာ လွင့်နေပါတယ်၊ အလံတိုင်ပေါ်မှာ တော့ မရေမတွက်နိုင်တဲ့ ဝိညာဉ်မိစ္ဆာတွေ ရန်းကန် အော်ဟစ် တိုက်ခိုက်နေကြပါတယ်။

ပိုင်ဇီရှန်က ကြာပန်းသဏ္ဍာန် တရားထိုင်နေပေမဲ့ မျက်နှာဟာ အရမ်းကို တင်းမာ ခက်ထန်နေပါတယ်။

"ဂျိနင်လို့ ခေါ်တဲ့ လူက ငါ့ရဲ့ ကြီးကျယ်လှတဲ့ ဝက်ပါကြီးကို ဖျက်ဆီးလိုက်နိုင်တယ်"

ဇီရှန် ဒေါသူပုန်ထနေပါတယ်၊ သူ ဒီတစ်ချိန်လုံး ပြေးလွှား ပုန်းအောင်းပြီးတော့ အရမ်းကို ကြမ်းလှတဲ့ ဒီမှော်ရတနာကို ပြီးအောင် တည်

ဆောက် နေခဲ့ရတာပါ၊ ဒါပေမဲ့ ဒီလို ကြီးကျယ်လှတဲ့ ဝင်္ကပါကြီး မရှိတော့ရင် သူ ပုန်းနေလို့ ရတော့မှာ မဟုတ်ပါဘူး၊ ပြီးတော့ ဝိညာဉ်မိစ္ဆာတွေ အများကြီး စုပ်ယူဖို့ လည်း ကျန်နေပါသေးတယ်၊ အခုတော့ သူ လုပ်သမျှကို ခဏနားပြီးတော့ ကျန်နေတဲ့ ဝိညာဉ်မိစ္ဆာတွေကို အဆုံးရှုံးခံပြီး အတင်းအကျပ် ရပ်တန့်လိုက်ဖို့ နည်းပဲ ရှိပါတော့တယ်။

ဒါပေမဲ့ ဒီလိုမျိုး အနိုင်းမဲ့ အပြစ်ကြီးလွန်းတဲ့ မှော်ရတနာကို လုပ်ရတာမှာ အရမ်းကို အန္တရာယ်များ ပါတယ်၊ သူသာ သတိမထားခဲ့ရင် ဝိညာဉ်မိစ္ဆာတွေက သူ့ကို ဝါးမျိုသွားမှာ ပါ၊ အဆင့်တိုင်းမှာ သူအရမ်းကို သတိထားဖို့ လိုပါတယ်၊ ဒီဝိညာဉ် မိစ္ဆာတွေ အကုန် တစ်ကောင်မကျန် သူမသေခင် အလံတိုင်ထဲ အသားကျသွားဖို့ လိုပါတယ်၊ သူအတင်းအကျပ် လုပ်လိုက်ရင် သူဝါးမျိုခံရတာ ကြာလှပါပြီ။

ရပ်တန့်လိုက်ဖို့ လည်း အချိန်က လိုအပ်ပါသေးတယ်။

"ဆရာကြီး တာအို စစ်သည် တော် ၉ထောင်အောက်ပဲ ရှိတော့တယ် "

လူသားအသွင် ဆောင်ထားတဲ့ ဝိညာဉ် တိရစ္ဆာန်တစ်ကောင်က မြေအောက်ထဲကို သတင်း လာပို့လိုက်ပါတယ်။

"ဘာ..."

စိတ်ကို ထိန်းချုပ်ထားတဲ့ ပိုင်ဇီရှန်ဟာ ဒေါသအစ်မျက်ချောင်းချောင်း ထွက်သွားပါတယ်၊

"တာအို စစ်သည် တော် ၉ထောင်အောက်ပဲ ကျန်တော့တယ် ဟုတ်လား.... ဒီအရေအတွက်က ရေနဂါးကြီး အသွင်ပြောင်းဖို့ မလုံလောက်ဘူး၊ နင်ဆိုတဲ့ ကောင်က ပြေးလို့ လွတ်တော့မှာ ပဲ"

ဒီအချိန်မှာ ပဲ သွေးရောင် အလံက မရေမတွက်နိုင်တဲ့ ဝိညာဉ်မိစ္ဆာ တွေဟာ ရှန်းထွက်ဖို့ ကြိုးစားလိုက်ကြပါတယ်။

"မကောင်းဘူး.."

ပိုင်ဇီရှန် သူ့ကိုယ်သူ စိတ်ကို အရင်ထိန်းလိုက်ပါတယ်၊ သူအခု သတိ လွတ်သွားတာနဲ့ ဒီဝိညာဉ် မိစ္ဆာတွေက သူ့ကို ဝါးမျိုသွားတော့မှာ ပါ၊ ဒီ နေ့က သူ့သေနေ့ ဖြစ်သွားပါလိမ့်မယ်၊ သူ့လက်ထဲမှာ အိတ်ရှုံ့ကလေး ပေါ်လာပါတယ်၊ ဒီအိတ်ထဲကနေ အခေါင်းနက်တစ်ခု ထွက် လာပြီး တော့ မြေပြင်ပေါ်ကို ဆင်းသက်လာပါတယ်။

အခေါင်းနက်က ချက်ချင်းပဲ ပွင့်သွားပြီးတော့ နှလုံးရပ်သွားလောက် တဲ့ အော်ရာတွေ ထွက်ပေါ်လာပါတယ်၊ လက်သည်းကြီးတွေနဲ့ သားမွေး တွေနဲ့ လက်နှစ်ဖက်က အခေါင်း နံရံ တစ်ဖက်စီကို ကိုင်ပြီးတော့ ထ လာခဲ့ပါတယ်၊ အနက်ရောင်သားမွေးတွေနဲ့ မျက်လုံးစိမ်းရှိနေတဲ့ ဖုတ် ကောင်ကြီးပါ။

ဝှစ်

ဒီကောင်ကြီးက မြေပြင်ပေါ်ကို ဆင်းလာပါတယ်၊ သူ့တစ်ကိုယ်လုံးမှာ သာမန်မျက်စိနဲ့ တောင် မြင်နိုင်တဲ့ အနက်ရောင် စွ မ်းအင်တွေ ဝန်းရံထားပါတယ်၊ ဒါက သေသူတွေကို သုံးတဲ့ သေမင်း မှော်စွမ်းအင်တွေပါ၊ တကယ်လို့ ဇင်တျန် တန်ခိုးရှင်သာ ဒီ စွမ်းအင်တွေ ကို စုပ်ယူမိရင် အဆိပ်မိပြီး ချက်ချင်း သေသွားရမှာ ပါ၊ ဒီ ဖုတ်ကောင် က ပိုင်ဇီရှန်ရဲ့ နောက်ဆုံး ဖဲပါ၊ သူ ဒီ ဇီဖူတန်ခိုးရှင် အလောင်းအ တွက်ကို တော်တော် ကြိုးစားခဲ့ရပါတယ်။

"သူ့ကို သွားသတ်လိုက်တော့"

ဇီရှန်က အမိန့်ပေး လိုက်ပါတော့တယ်၊ ဖုတ်ကောင်ဆိုတာက သေနေတာလည်း မဟုတ်သလို သက်ရှိလည်း မဟုတ်တော့ပါဘူး၊ ဒီ သားမွေး အနက်နဲ့ ဖုတ်ကောင်ဟာ အသိဉာဏ် အဆင့်တစ်ခု ရှိပါတယ်၊ သူက ဇီရှန်ရဲ့ လူတွေကို သိနေနိုင်သလို အခြေအနေကိုလည်း ချက်ချင်းနားလည်နိုင်စွမ်း ရှိပါတယ်၊ သူ့ရန်သူ ဘယ်သူဆိုတာ သူ သိပါတယ်၊ ဒီ ဖုတ်ကောင်က ဇီဖူတန်ခိုးရှင်နဲ့ အဆင့်တူပြီးတော့ အရမ်းကို အန္တရာယ်များ တဲ့ ကောင်ပါ။

"အင်း.."

သားမွေးနက်နဲ့ ဖုတ်ကောင် အသံတစ်ချက် ပြုလိုက်ပြီးတော့ သူချက်ချင်းပဲ မီတာ ၁၅ဂ မြင့်တဲ့ တွင်းဝကို ခုန်တက်သွားပါတော့တယ်။

## Chapter 1 ပြီးပါပြီ၊

***

## Chapter 2

## ( ခားပျံငယ်တစ်ထောင် ဝင်္ကပါသိုင်း စသတ်ပြီ )

မီးငှက်နီနဲ့ မြွေနက်ကြီးက အခုတော့ ကောင်းကင်မှာ စိတ်မရှည်စွာ စောင့်နေကြပါတယ်၊ သူတို့ တွေက ဂျိနင်ကို ရှာဖွေဖို့ ခိုင်းလိုက်တာပါ၊ သူတို့ ၃ကြိမ်အော်လိုက်ပေမဲ့ ဘာမှ တုံ့ပြန်မှု မရှိပါဘူး။

"သခင်လေးက ဒီနားမှာ မရှိဘူးလား"

မြွေနက်ကြီး စိတ်မရှည်စွာ ပြောလိုက်ပါတယ်။

"အစ်ကိုနက် အောက်ကို ကြည့်ကြည့်ပါဦး"

မြွေနက်ကြီးအောက်ကို ငုံ့ကြည့်လိုက်တော့ ခုနက ငြိမ်သက်နေတဲ့ တောအုပ်ထဲမှာ သံချပ်ကာဝတ် တာအိုစစ်သည် တော်တွေကို ရေခဲနဲ့ မီးက ဝါးမျိုသွားတာ တွေ့ရပါတယ်၊ ပြီးတော့ တာအိုစစ်သည် တော်တွေနဲ့ ဇင်တျန်တန်ခိုးရှင်တွေ အသည်းအသန် ချိတ်ဆက်ပြီးတော့ ရေနဂါး ၈ ကောင် ပြောင်းလဲသွားတာပါ တွေ့လိုက်ရပါတယ်၊ မီးငှက်နီနဲ့ မြွေနက်ကြီး ထိတ်လန့် သွားပါတော့တယ်။

"တာအို စစ်သည် တော်တွေ... ထောင်နဲ့ ချီပြီးတော့ ချိတ်ဆက်လိုက်တယ်"

ဒီချိုင့်ဝှမ်းဒေသက အင်အားစုကြီးတွေက ဘယ်သူမှ ဒီလိုမျိုး မစွမ်း

ဆောင်နိုင်ကြပါဘူး၊ စောင့်မုန့်မြို့တော်မှာ တပ်စွဲထားတဲ့ တော်ဝင်ရှအင်ပါယာရဲ့ စစ်တပ်သာ ဒီလို အစွမ်းရှိပါတယ်။

"ဒီလောက် ကြမ်းတဲ့ အင်အားတွေ ... ငါတို့ နှစ်ယောက်သာ ဝင်တိုက်ရင် ချက်ချင်းသေမှာ ပဲ"

"ကြည့်စမ်း ... သခင်လေးဂျိနင်"

တာအို စစ်သည် တော်တွေရဲ့ အရှေ့မှာ တော့ အရမ်းကို သားရဲတစ်ကောင်သဖွယ် သွေးဆာ ကြမ်းတမ်းနေတဲ့ အော်ရာတွေ ဖြာထွက်နေတဲ့ သားမွေးဝတ်စုံနဲ့ လူငယ်လေး တစ်ယောက် ရှိနေပါတယ်၊ သူကတော့ ဂျိနင်ပါပဲ။

"သခင်လေး ဂျိနင်... သူက ဘယ်လိုလုပ် ဒီတာအို စစ်သည် တော်ထောင်ပေါင်းများ စွာကို ရင်ဆိုင်နိုင်မှာ လဲ"

"ဂျိနင်.. မြန်မြန်ပြေးဟေ့"

မြွေနက်ကြီးက အသည်းအသန် အော်ဟစ်လိုက်ပါတယ်။

***

ကျောက်တိုင်တွေမှာ ချည်နှောင်ခံထားရတဲ့ ဇင်တျန် တန်ခိုးရှင်တွေလည်း စိတ်လှုပ်ရှားစွာ ကြည့်နေမိကြပါတယ်။

အဆုံးမရှိတဲ့ ရေခဲလှိုင်းနဲ့ မီးပင်လယ်ပေါ်လာတာကြောင့် သူတို့ တွေ ထိတ်လန့်သွားကြပါတယ်။

"သခင်လေး ဂျိနင်.. ဇီဖူတန်ခိုးရှင်က မှော်ရတနာကို ဖန်တီးနေတာ. . သူက အာရုံများ လို့ မရသေးဘူး... မြန်မြန် ထွက်ပြေးပါတော့..."

မျက်ကန်းငါး အသည်းအသန် အော်ဟစ်လိုက်ပါတယ်။

"ဂျိနင်.. မြန်မြန်သွားတော့.. အာရုံများ မနေနဲ့ .. နို့မို့ နောက်ကျသွားမယ်"

ဂျိတ်ဂုစ်လည်း လည်ချောင်းကွဲလောက်အောင် ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။

"မြန်မြန် ပြေးပါတော့"

ဇင်တျန် တန်ခိုးရှင်တွေ အကုန်လုံး အသည်းအသန် အော်ဟစ်နေကြတာပါ၊ သူတို့ တွေ အဖမ်းခံထားရတာ ကြာလှပါပြီ၊ သူတို့ တွေ ဝိညာဉ် မိစ္ဆာတွေက တောင်ခြေ မြေအောက်ကို ဆင်းသွားကြတာလည်း သိထားပြီးကြပါပြီ၊ သူတို့ တွေ သိနေတာ အရမ်းများ ခဲ့ပါတယ်၊ ဧီဖူတန်ခိုးရှင်က အခု လက်ရှိမှော်ရတနာကို တည်ဆောက်နေတာပါ၊ တကယ်လို့ သူကိုယ်တိုင် ရောက်လာခဲ့ရင် ဘယလိုအခြေအနေ ဖြစ်သွားမလဲ။

"ဘာ ... တာအို စစ်သည် တော် တစ်ထောင်လောက်က ချိတ်ဆက်ထားတယ်"

ချည်နှောင်ခံထားရတဲ့ ဇင်တျန် တန်ခိုးရှင်တွေက တာအိုစစ်သည်တော်တွေကို ရေခဲနဲ့ မီးက ဝါးမျိုသွားတာကော ရေနဂါးကြီးတွေ ဖြစ်လာတာတွေပါ မြင်လိုက်ရပါတယ်၊ ဒါပေမဲ့ သူတို့ တွေ တိုက်ပွဲရဲ့ တစ်စိတ်တစ်ပိုင်းလောက်ပဲ မြင်ရတာပါ၊ ဒီလောက်မြင်ရတာက လုံလောက်ပါတယ်။

"မြန်မြန် ပြေးပါတော့..."

"ဂျိနင် အခုပြန်ပါတော့"

အကုန်လုံး အသည်းအသန် အော်ဟစ်နေကြပါတယ်။

***

သူဦးလေးနက်ရဲ့ ကောင်းကင်ပေါ်က အသည်းအသန် အော်ဟစ်သံ၊ သူ့ဆရာ မျက်ကန်းငါး၊ ဂျိဂျိတ်ဝှစ်၊ ပူးဝါးတိုင်း၊ ဂျိရှန်နဲ့ နောက်ထပ် ချည်နှောင်ခံထားရတဲ့ ဇင်တျန် တန်ခိုးရှင်တွေရဲ့ အသံတွေ... အဆိပ်ပါမိထားတဲ့ ဂျိနင်... ထွက်ပြေးရမယ်... သူဘာလို့ ထွက်ပြေးရမှာ လဲ သူပြေးလည်း သူသေရမှာ ပဲ၊ သူ့အသက်ကို ရင်းပြီးတော့ ဇီဖူတန်ခိုးရှင်ကို သူသတ်နိုင်ရင် သူမှာ အသက်ရှင်ခွင့် ရှိချင်ရှိဦးမယ်။

"သတ်..."

နင် သူ့ရှေ့က ထောင်ပေါင်းများ စွာသော တာအို စစ်သည် တော်တွေကို မြင်နေရပါတယ်၊ သူ ချက်ချင်းပဲ သူ့ရဲ့ အစွမ်းထက်ဆုံး သတ်ကွက်ကို ထုတ်သုံးလိုက်ပါတော့တယ်။

ဝေါ... ဝရော....

အရောင်တွေ တောက်ပနေတဲ့ မှော်ရတနာ ဓားပေါင်း ၃၀၀ ကျော်ဟာ နင်ဘေးနားမှာ ထွက်ပေါ်လာပါတယ်၊ တစ်ချိန်တည်းမှာ သဘာဝ စွမ်းအင်တွေပါ အသက်ဝင် လှုပ်ရှားစေလာခဲ့ပါတယ်၊ နင်က အခုဆိုရင် ဝက်ပါနဲ့ ပတ်သက်လို့ အရမ်းကို နားလည်မှု မြင့်နေပါပြီ၊ ဒါကြောင့် ဒီဓားပျံငယ်တစ်ထောင် ဝက်ပါသိုင်းဟာလည်း အများကြီး အစွမ်းထက်လာခဲ့ပါတယ်။

"ဘာ.. ဘာတွေလဲ ..."

"ဓားပျံတွေက ဘာလို့ ဒီလို အုပ်စုဖွဲ့ပြီး ဝဲနေရတာလဲ"

"မှော်ဓားပျံတွေ"

တပ်ကြီးတစ်တပ်လုံး အံ့ဩမှ င်တက် သွားကြပါတော့တယ်။

ဒီလောက် ဓားပျံတွေ အများကြီးကို ထိန်းချုပ် နေနိုင်တာကက.. ဇီဖူ တန်ခိုးရှင်များ ရောက်လာတာလား အကုန်လုံး တွေးမိလိုက်ကြပါတယ်၊ ဇီဖူတန်ခိုးရှင်က မှော်ရတနာတွေကို ထိန်းချုပ်နိုင်တယ် ဆိုတာ လူတိုင်း သိနေတဲ့ ဗဟု သုတ တစ်ခုပါ၊ အခု ဒီလူငယ်လေးက မှော်ရနာတွေကို ထိန်းချုပ် ပျံဝဲခိုင်းထားတယ်...

ဒါပေမဲ့ သူတို့ တွေ အကုန်လုံးက နင်ရဲ့ စိတ်ဝိညာဉ်ဟာ နတ်ဘုရား စိတ်စွမ်းအင် အဆင့်ကို ရောက်နေပြီဆိုတာကို မသိကြပါဘူး၊ နို့မို့ဆို ဒီ လောက် မှော်ရတနာ အများကြီးကို ဘယ်လို ထိန်းချုပ်နိုင်မှာ လဲ။

"သူက ဇီဖူ တန်ခိုးရှင် ဆရာရေ့.. ဇီဖူတန်ခိုးရှင်ပါ၊ ဒီလူငယ်လေးက ဇီဖူတန်ခိုးရှင်ပါ"တာအိုသံချပ်ကာ ဝတ်စုံနဲ့ ဇင်တျန် တန်ခိုးရှင်တွေ ချောက်ချားစွာနဲ့ အော်ဟစ်လိုက်ကြပါတယ်။

"အဲဒါဆို သေလိုက်တော့"

နင် ဓားပျံတွေကို စေခိုင်းလိုက်ပါတယ်။

ရွှစ်

အရောင် လက်နေတဲ့ ဓားပျံတွေဟာ လှပလွန်းတဲ့ သက်တန့်ကွေးလို မျဉ်းတစ်ကြောင်းကို လေထဲ ချန်ရစ်ခဲ့ပါတယ်၊ ဒီ ဓားချက်က ခန့်ညား တဲ့ လူငယ်လေး ရင်ဘတ်ကို ဖြတ်သွားပါတော့တယ်၊ လူငယ်လေး မျက် စိအပြူးသားနဲ့ ...

"ဇီဖူ... ဇီ... ဖူ.."

မယုံကြည်နိုင်စွာနဲ့ သေဆုံးသွားပါတော့တယ်။

"မဖြစ်နိုင်ဘူး"

အရပ်မြင့်မြင့် ဗလတောင့်တောင့် လူကြီးက အော်ဟစ်လိုက်ပါတယ် ၊ ဒါပေမဲ့ သူ့စကား မဆုံးခင်မှာ ဓားအလင်းက သူ့ကို ဖောက်ထွက် သွားပါတော့တယ်။

သူတို့ ရဲ့ တာအို စစ်သည် တော် ဝင်္ကပါက ရေနဂါးအသွင်ကို အပြည့်အဝ ပြောင်းလဲလို့ မပြီးသေးပါဘူး၊ ပြောရရင် ပုံရိပ်သဏ္ဍာန် နည်းနည်း ကျန်နေပါသေးတယ်၊ ပြီးတော့ ဒီ ရေနဂါး ဝင်္ကပါက ဇင်တျန် တန်ခိုးရှင် တစ်ယောက်နဲ့ ဟိုတျန် တာအို စစ်သည် တော် တစ်ထောင်ပေါင်းပြီး လုပ်ထားတာပါ၊ ကာကွယ်မှု အစွမ်းမှာ တော့ သူတို့ တွေက ရေအောက်နန်းတော်က ဒုတိယ စမ်းသပ်မှုမှာ တွေ့ခဲ့တဲ့ ဇင်တျန် တန်ခိုးရှင် တာအို စစ်သည် တော် ကိုးယောက် ပေါင်းထားတဲ့ စုပေါင်း ဝင်္ကပါလောက် မစွမ်းပါဘူး။

နင်က အစစ်အမှန် တာအို အနှစ်သာရပါတဲ့ ဓားသိုင်းနဲ့ အနီးကပ် တိုက်ခိုက်ပြီးတော့ အနိုင်ယူနိုင်ပေမဲ့ အဲ့လို တစ်ဖွဲ့လုံးကို တိုက်ခိုက်ရတာက အရမ်းကိုပင်ပန်းပါတယ်။

အခုဆို...

ဒီ ဓားပျံငယ် တစ်ထောင် ဝင်္ကပါ ဓားကွက်နဲ့ ဇီဖူ ကနဦး အဆင့် တန်ခိုးရှင်တစ်ယောက် အစွမ်းလောက်ကို ထုတ်သုံးနိုင်နေပါပြီ၊ အခုရန်သူတွေက တာအို စစ်သည် တော် ကိုးထောင်လောက် ရှိတဲ့ အပြင် ဇင်တျန် တန်ခိုးရှင်ကိုးယောက်နဲ့ ရေနဂါး ဝင်္ကပါ စုပေါင်းတိုက်ကွက်ကို အပြီး လုပ်နိုင်ခဲ့ရင်တောင်မှ နင်ယှဉ်ပြိုင် တိုက်ခိုက်နိုင်နေပါပြီ၊ အခုတော့ ရန်သူတွေက ဖရိုဖရဲဖြစ်နေတဲ့ အတွက် သူသတ်ဖြတ်ဖို့ က ဟင်းရွက်လှီးသ

လို လွှယ်လွှယ်လေးပါပဲ။

"ဇီဖူ တန်ခိုးရှင်..."

"သူက ဇီဖူတန်ခိုးရှင်ပဲ"

ဓားအလင်းက ဇင်တျန် တန်ခိုးရှင် တစ်ယောက်ကို ထပ်ပြီးတော့ ပိုင်းသွားပါတယ်၊ ဇင်တျန် တန်ခိုးရှင်တွေ ဘယ်လိုပဲ ကြိုးစားပြီး ပြေးပြေး သူတို့ က နင်ရဲ့ ဓားအလင်းလောက် မမြန်ကြပါဘူး၊ အနီးက ဟိုတျန် စစ်သည် တော်တွေနဲ့ ကာကွယ်လိုက်ရင်တောင်မှ ဓားချက်က အကုန်လုံးကို ဖောက်ထွက်သွားပြီး အသက်နုတ်သွားပါတော့တယ်။

"ဇီဖူ တန်ခိုးရှင်ဟော့"

"ဇီဖူတန်ခိုးရှင်ဟ"

ကြောက်လန့်တကြား အော်ဟစ်ညည်းညူသံတွေ တစ်တောင်လုံး ဆူညံသွားပါတော့တယ်၊ ဇင်တျန်တန်ခိုးရှင်တွေ အတွက် ဒါက လက်ခံနိုင်ဖို့ အရမ်းကို ခက်ခဲနေပါတယ်၊ သူတို့ တွေ ဂျိနင်ကို ဇီဖူတန်ခိုးရှင်တစ်ယောက် ဖြစ်မယ် မထင်မိကြပါဘူး၊ ဇီဖူတန်ခိုးရှင်နဲ့ ယှဉ်တိုက်ဖို့ အမိန့်ပေးလိုက်တယ် ဆိုတာက.. သူတို့ တွေ သေတဲ့ အထိ မကျေမနပ် ဖြစ်သွားခဲ့ကြပါတယ်၊ သူတို့ သာ ဒါတွေကို ကြိုသိခဲ့ရင် ထွက်ပြီး လာမရင်ဆိုင်ပါဘူး။

***

"ဘာ.."

"ဒါက"

လေထဲမှာ တော့ မီးငှက်နီနဲ့ မြွေနက်ကြီးက ပါးစပ်အဟောင်းသားနဲ့ နင်ကို ကြည့်နေမိကြပါတယ်၊ အောက်မှာ တော့ နင်က ဓားပျံပေါင်း ရာနဲ့ ချီပြီးတော့ ထိန်းချုပ်ထားပါတယ်၊ ဓားရောင်လက်သွားတာနဲ့ အကုန်လုံးဟာ နင်ရဲ့ တိုက်ခိုက်မှုမှာ ပြားပြားဝပ် သွားခဲ့ရပါတယ်၊ ဒါက တကယ့်ကို တခြားအဆင့်ကို ရောက်နေခဲ့ပါပြီ၊ ဇင်တျန် တန်ခိုးရှင်က ဟိုတျန်အဆင့်ကို အစုလိုက် အပြုံလိုက် သတ်နိုင်သလို ဒီဇင်တျန် တန်ခိုးရှင် တာအိုစစ်သည် တော် ၈ယောက်ကိုလည်း လွယ်လွယ်ကူကူ အသက်နုတ်သွားခဲ့ပါတယ်၊ ဒီကျန်နေတဲ့ ဟိုတျန် တာအို စစ်သည် တော် တွေကလည်း သူတို့ ရဲ့ ကြီးကျယ်တဲ့ ဝင်္ကပါကြီးကို တည်ငြိမ်အောင် မထိန်းထားနိုင် ကြတော့ပါဘူး။

"နင်… သူက ဓီဖူ တန်ခိုးရှင် ဖြစ်သွားပြီလား.."

နင်နဲ့ အတူကြီးပြင်းလာတဲ့ မြွေနက်ကြီးလည်း အရမ်းကို အံ့ဩနေပါတော့တယ်။

***

နင်ကို အသည်းအသန် ထွက်ပြေးဖို့ အော်ဟစ်နေကြတဲ့ မျက်ကန်းငါး၊ ရှန်နဲ့ တခြား အဖမ်းခံထားရတဲ့ သူတွေလည်း အကုန်လုံး ကြောင်အ သွားကြပါတော့တယ်၊ သူတို့ နေရာကနေ တိုက်ပွဲကို မမြင်ရပါဘူး၊ ဒါပေမဲ့ သူတို့ တွေ ဂိတ်ပေါက်ဝကနေပြီးတော့ အပြင်က တာအို စစ်သည် တော်တွေကို မြင်နေကြရပါတယ်၊ အဲဒီကနေ သူတို့ တွေ အနက်ရောင် သံချပ်ကာ ဝတ်ထားတဲ့ ဇင်တျန် တာအို စစ်သည် တော်တွေကို ဓားအလင်းက တစ်ယောက်ပြီးတစ်ယောက် ဖြတ်သွားပြီးတော့ အသက်နုတ်သွားတာကို ကိုယ်တိုင် မြင်နေရပါတယ်။

သူတို့ တွေ သေခါနီးတိုင်းမှာ ကြေကွဲစွာ အော်ဟစ် သွားကြပါတယ်။

"ဇီဖူတန်ခိုးရှင်… ဇီဖူတန်ခိုးရှင်… ဇီဖူ"

"ဇီဖူ တန်ခိုးရှင်"

မျက်ကန်းငါးနဲ့ တခြား ဖမ်းဆီးခံထားရတဲ့ ဇင်တျန် တန်ခိုးရှင်တွေ အကုန်လုံး တုန်လှုပ်သွားကြပါတယ်၊ နင်ရဲ့ ဘေးမှာ နောက်ထပ် ဇီဖူတန်ခိုးရှင် တစ်ယောက်ပါ ဝင်ကူညီပေးနေတာလား သူတို့ အတွေးမဆုံးခင်မှာ အဲဒီအချိန်မှာ ပဲ ။…

ဝုန်း

အနက်ရောင် အရိပ်တစ်ခုက ပွင့်နေတဲ့ မြေအောက်လိုဏ်ဂူကနေ ခုန်ထွက်လာခဲ့ပါတယ်၊ သူ့မျက်လုံးစိမ်းကြီးတွေနဲ့ ချုပ်နှောင်ခံထားရတဲ့ ဇင်တျန် တန်ခိုးရှင်တွေကို တစ်ချက် ကြည့်လိုက်ပါတယ်၊ အဲဒီမှာ တိုက်ပွဲကို ဝင်မပါနိုင်တဲ့ သာမန် အခိုင်းအစေတွေလည်း ရှိနေပါတယ်၊ ကံဆိုးတဲ့ နှစ်ကောင်ကတော့ မြေအောက်လိုဏ်ဂူ အနီးမှာ ရပ်နေကြပါတယ်၊ သူတို့ တွေ ကိုယ်ထဲကို သားမွေးအနက်နဲ့ ဖုတ်ကောင်ကြီးဆီက အနက်ရောင် သေမင်းမှော် စွမ်းအင်တွေက ဝင်ရောက် သွားခဲ့ပါတယ်။

"အား"

"အား"

သူတို့ က တာအို စစ်သည် တော် မဟုတ်သေးတဲ့ သာမန် လူတွေပါ၊ သေမင်းမှော် စွမ်းအင်တွေ သူတို့ ကိုယ်ထဲ ရောက်သွားတာနဲ့ သူတို့ တွေ ချက်ချင်း အရည်ပျော်သွားခဲ့ကြပါတော့တယ်။

သားမွေးအနက်နဲ့ ဖုတ်ကောင်ကြီးက ခြေတစ်လှမ်းတည်းနဲ့ ဂူပေါက်ဝကို ရောက်သွားခဲ့ပါပြီ။

"သခင်လေး.. သတိထားပါ"

မျက်ကန်းငါး အသည်းအသန် အော်ဟစ်လိုက်ပါတယ်။

***

ဇင်တျန် တန်ခိုးရှင်တွေ သေသွားခဲ့တာနဲ့ သူ့ရဲ့ ဓားပျံပေါင်း ၃၀၀ ကျော်ကို ပြန်သိမ်းလိုက်ပါတယ်၊ ပြောရရင် သူက အခုမှ ဇင်တျန် ကန ဦး တန်ခိုးရှင် အဆင့်ပဲ ရောက်နေပါသေးတယ်၊ သူ့ကိုယ်ထဲက ဇင်တျန် ကီစွမ်းအင်က မလုံလောက်ပါဘူး၊ သူသာ ဓားပျံပေါင်း တစ်ထောင် လောက်ကို အသုံးပြုလိုက်ရင် ဓားချက် တစ်ချက်ပဲ ထုတ်သုံးနိုင်မှာ ပါ၊ သူ ဒီ ဓားပေါင်း ၃၀၀ကျော်ကို အသုံးပြုတာတောင် ၁၀ကြိမ်လောက်ပဲ ဓားချက် ထုတ်နိုင်ပါတယ်။

သူ့ရဲ့ တကယ့်ရန်သူက အဲဒီကြောက်စရာကောင်းတဲ့ ဇီဖူတန်ခိုးရှင် ပါ။

"ဂရား..."

စွမ်းအင်တွေနဲ့ အော်လိုက်တဲ့ အော်သံကြီးနဲ့ အတူ အနက်ရောင် အ ရိပ်ကြီး ပျံသန်း ရောက်ရှိလာပါတယ်။

"အဲဒါ ဇီဖူတန်ခိုးရှင်လား"

နင် ချက်ချင်းပဲ တောင်ပံကို ခတ်လိုက်ပြီးတော့ နောက်ခုန်ဆုတ်လို က်ပြီး သူတို့ နှစ်ယောက်ကြား အကွာအဝေးတစ်ခုကို ထိန်းထားလိုက်ပါ တယ်၊ အဲဒီ နင် အနောက်ကို ခုန်ဆုတ်သွားတဲ့ အချိန်မှာ ပဲ

အရိပ်နက်ကြီးက မြေပြင်ပေါ်ကို ဝုန်းခနဲ ဆင်းသက်လာပါတယ်၊ မြေပြင်မှာ မီတာ ၃၀လောက်ကြီးတဲ့ ချိုင့်ကြီး ဖြစ်ပေါ် သွားပါတော့တယ်၊ ဒါကို တွေ့လိုက်ရတော့ နင် မျက်နှာ ပျက်သွားပါတော့တယ်။

အနက်ရောင် သေမင်းမှော် စွမ်းအင်တွေ ဝန်းရံထားတဲ့ အနက်ရောင် သားမွေးနဲ့ ဖုတ်ကောင်ကြီးက နင်ကို စိုက်ကြည့်နေပါတယ်။

"ဒီကောင်က အရမ်းကို ခွန်အားကြီးပြီးတော့ အရမ်းကိုမြန်နေတယ်"

နင် ရေအောက်နန်းတော်က တတိယ စမ်းသပ်မှုတုန်းက ကျော်ဖြတ်ခဲ့တဲ့ အနက်ရောင် အစ်မွေးနဲ့ သတ္တဝါကြီးကို သတိရသွားပါတယ်၊ ဒါပေမဲ့ အခု အနက်ရောင် အစ်မွေးနဲ့ ဖုတ်ကောင်ကြီး ဆီကနေတော့ ရိုင်းစိုင်းရက်စက်တဲ့ အော်ရာတွေကို ခံစားမိနေရပါတယ်၊ နင် ရေအောက် နန်းတော်က တွေ့ခဲ့တဲ့ အကောင်ကြီးမှာ ဒီလို အော်ရာမျိုး မရှိပါဘူး။

"သတ်.."

ဖုတ်ကောင်ကြီးက နင်ဆီကို ပြေးဝင်လာခဲ့ပါတယ်။

ရွှစ်…ရွှစ်…ရွှစ်…

တောင်ပံမှော်ရတနာနဲ့ နင်ဟာ ဝိညာဉ်တစ်ကောင်လို တိုက်ခိုက်မှုတွေကို ဆက်တိုက် ရှောင်ရှားလိုက်ပါတယ်၊ ဒီတိုက်ခိုက်မှုတွေဟာ ရှောင်တိမ်းဖို့ ခက်ခဲပေမဲ့ နင် လွတ်မြောက် သွားခဲ့ပါတယ်၊ သူ့လက်ထဲက ဒက်နော့ ဓား ၂ချောင်းနဲ့ မကြာခဏဆိုသလို ဖုတ်ကောင်ကြီးကို တိုက်ခိုက်ပေမဲ့ သူ့ကိုယ်ပေါ်မှာ အဖြူရောင် အစင်းကြောင်းလေးတွေပဲ ကျန်ရစ်ခဲ့ပါတယ်။

"ဒီကောင်ကြီးက ရေအောက်နန်းတော်မှာ တွေ့ခဲ့တဲ့ သတ္တဝါကြီးလို

ပဲ၊ အရမ်း သန်မာတယ်၊ မြန်ဆန်တယ်၊ အရမ်းကို မာကျောတယ်၊ ဒါပေမဲ့ ဒီကောင်ကတော့ ရေအောက်နန်းတော်ကလို အရမ်းမကြမ်းဘူး"

သူတို့ တွေ တိုက်ကွက်ချင်း လဲလှယ်ပြီးတဲ့ အခါမှာ တော့ ဒီဖုတ်ကောင်ကြီးရဲ့ တိုက်ခိုက်မှုတွေဟာ ကပျက်ကရက် နိုင်နေတာကို နင် သတိထားမိလာပါတယ်၊ ရေအောက်နန်းတော်က သတ္တဝါကြီးက ပိုပြီး အသိဉာဏ် ရှိနေခဲ့ပါတယ်။

"အင်း သိုင်းပညာတွေက အဆင့်မြင့်တဲ့ အဆင့်မှာ မဟုတ်သေးဘူး၊ ဒါ ဒီနေရာက ဇီဖူတန်ခိုးရှင် မဟုတ်တာ သေချာတယ်၊ ငါ့အဆိပ်ရဲ့ ဖြေဆေးက အဲဒီ ဇီဖူ တန်ခိုးရှင်ဆီမှာ ပဲ ရှိနေမှာ ၊ သူက မထွက်လာသေးပုံထောက်တော့ သူ စိတ်အာရုံပျံ့လို့ မရသေးတာ သေချာတယ်၊ ငါ ဒါကို အခွင့်ကောင်းယူမှ ရမယ်"

သူ အခြေအနေကို နားလည်သွားပါတယ်၊ ရန်သူ ဖျားနာနေတုန်းမှာ သေအောင်သတ်ပါ။

ရွှစ်

နင်ကျောပေါ်က တောင်ပံ လှုပ်ရှားလာခဲ့ပြီးတော့ အလင်းတန်းကွေး တစ်ခုအသွင်နဲ့ ဖုတ်ကောင်ကြီးကို ဖြတ်သန်းသွားပါတယ်၊ ဖုတ်ကောင်ကြီးက နင်ကို ဒေါသတကြီး လိုက်တိုက်ခိုက်ပေမဲ့ လေတောင်ပံ ကိုယ်ဖော့ သိုင်းကို သုံးထားတဲ့ နင်ကို ဘယ်လိုလုပ် ထိအောင် တိုက်ခိုက်နိုင်မှာ လဲ။

"ဂျိနင်"

အေးစက်စက် ချောက်ချားထိတ်လန့်ဖွယ် အသံတစ်သံဟာ တောင်ရဲ့ အောက်ခြေကနေ ထွက်ပေါ်လာပါတယ်၊ အဲဒီမှာ ပဲ တောင်ရဲ့ အလယ်

က ကလပ်မှာ လျှော့ရဲရဲ ဝတ်စုံနက် ဝတ်ထားတဲ့ လူတစ်ယောက်ကို နင်တွေ့လိုက်ရပါတော့တယ်၊ ဒီလူရဲ့ ဆံပင်တွေဟာ ဖွာလန်ကြဲနေပြီးတော့ မျက်နှာကလည်း အရောင်လုံးဝ မရှိပါဘူး၊ သူ့ရဲ့ အစိမ်းရောင် တောက်နေတဲ့ မျက်လုံးဟာ ခုနက ဖုတ်ကောင်ထက် နင်ကို ပိုပြီး ချောက်ချားစေခဲ့ပါတယ်။

Chapter 2 ပြီးပါပြီ၊

***

## Chapter 3

## ( အသေအကြေတိုက်ပွဲ )

ပိုင်ဇီရှန်က သူ့ဝန်းကျင်ကို ကြည့်လိုက်ပါတယ်၊ သူ ရေခဲနဲ့ မီးတောက်တွေ ဖုံးအုပ် လောင်ကျွမ်း သေဆုံးနေတဲ့ အလောင်းတွေ အများကြီးကို တွေ့လိုက်ရပါတယ်၊ ဒီထဲမှာ မှ ဇင်တျန် တန်ခိုးရှင်တွေရဲ့ အလောင်းတွေကိုပါ တွေ့လိုက်ရတော့ ဇီရှန် ရင်ထဲနာကျင် သွားပါတယ်၊ ဒါ သူ့ရဲ့ လူတွေ ... သူ ဒီရတနာကို လုပ်ဖို့ အတွက် လူတွေကို ဖမ်းဆီး ညှင်းပန်းနှိပ်စက်ဖို့ လူတွေ အများကြီး လိုတယ်လေ။

"အကုန် သွားပြီ ..."

သူ့သွေးဆာတဲ့ အကြည့်နဲ့ နင်ကို စားတော့ ဝါးတော့ မတတ် ကြည့်လိုက်ပါတယ်။

"ငါ့ရဲ့ တပည့်တွေကော အခိုင်းအစေတွေပါ အကုန် မင်းကြောင့် သေသွားရပြီ၊ ငါ ဝိညာဉ်မိစ္ဆာတွေနဲ့ မှော်ရတနာကို လုပ်နေတာ ပြီးခါနီးမှာ မင်းကြောင့် ရပ်လိုက်ရတယ်၊ ငါ.. ပိုင်ဇီရှန်.. မင်းလို ကလေးကြောင့် ဒီလောက် ဆုံးရှုံးခဲ့ရမယ်လို့ မထင်ခဲ့မိတာ အမှန်ပဲ၊ ငါ မင်းကို ကောင်းကောင်း ဆက်ဆံမှာ ပါ၊ မင်းက စိတ်ဝိညာဉ်ကို နှိပ်စက်ခံရရင် ဘယ်လို ခံစားရလဲဆိုတာ ငါ့ကိုနားလည်အောင် လုပ်ခဲ့ပေးလို့ ကျေးဇူးပါပဲ"

"ဇီဖူ တန်ခိုးရှင်"

"သူက ဧဖူတန်ခိုးရှင်"

ထောင်ပေါင်းများ စွာသော စစ်သားတွေက တချို့ အသက်ရှင်ကျန် သူတွေ အော်ဟစ် ပြေးလွှားနေဆဲပါ။

"မင်းက ဧဖူတန်ခိုးရှင်"

ပိုင်ဧရှန် နင်ကို ကြည့်နေမိပါတယ်၊ သူ့ရဲ့ မှော်ရတနာက တစ်ဝက် လောက်ပဲ လက်စသတ်လို့ ရပါသေးတယ်၊ ဒါပေမဲ့ ဒီတစ်ဝက်လောက်ပဲ ပြီးသေးတဲ့ မှော်ရတနာ ရှိနေတာတောင်မှ ဧရှန်က ဇင်တျန် အထွတ်အ ထိပ် တန်ခိုးရှင် အစွမ်းပဲ ရှိနေပါသေးတယ်၊ ဒါပေမဲ့ နင်က အသက် ၁၂ နှစ်ပဲ ရှိသေးတဲ့ ဂျိကလန်က လူငယ်လေး တစ်ယောက် ဆိုတာ သူ့တပ ည့်တွေ ပြောလို့ သူသိထားပါတယ်။

အခု အဲဒီ ၁၂နှစ်က ဧဖူအဆင့်ကို ရောက်နေပြီ။

ဒါသာ တကယ် ဆိုရင်တော့ ဧရှန် စိုးရိမ်သွားမိပါတယ်၊ လူတစ် ယောက်က ၁၂နှစ်ထဲနဲ့ ဧဖူတန်ခိုးရှင် ဖြစ်ခဲ့တယ်ဆိုတာ အံ့ဖွယ်ကိစ္စ တ စ်ခုခုကို ကြုံတွေ့ခဲ့ရလို့ ပါ၊ ဖြစ်နိုင်တာက လျှို့ဝှက်ကျမ်းတွေ ဘာတွေ ရ ထားတာ ဖြစ်နိုင်ပါတယ်။

"ဧဖူ တန်ခိုးရှင် ငါက ဧဖူတန်ခိုးရှင် မဟုတ်သေးဘူးလို့ ပြောရင် မင်းယုံမှာ လား"

နင် အေးစက်စက် ပြောလိုက်ပါတယ်။

ဧရှန်က မတ်တတ် ရပ်နေတုန်းမှာ သူ့ရှေ့မှာ လှေတစ်စင်း ပေါ်လာ ပါတယ်၊ သူ လှေပေါ်ကို တက်လိုက်ပြီးတော့ နင်နဲ့ ဝေးရာကို ပျံသန်းလို က်ပါတယ်၊ သူ နင်ကို သူ့ရဲ့ အဆင့်တူ ပြိုင်ဘက် တစ်ယောက်အဖြစ် စိ တ်ထဲ သတ်မှတ် ထားလိုက်ပါပြီ၊ ဒါကြောင့် သူ ချက်ချင်း နေရာတစ်ခု

အကွာမှာ နေလိုက်တာပါ။

အင်မော်တယ် တန်ခိုးရှင်တွေက အစ်မျိုးအစား အစ်မျိုးမျိုး ရှိပါတယ်၊ ဖင်းဂေါ့ ခန္ဓာကိုယ် ကျင့်စဉ် ကျင့်သူတွေက အနီးကပ် တိုက်ပွဲတွေကို အားသာကြပါတယ်၊ တခြားသူတွေကတော့ အဆိပ်တွေ၊ မှော်ရတနာတွေ၊ ကျောက်ဘီလူးတွေနဲ့ ပညာရပ်အစ်မျိုးမျိုးကို သုံးကြပါတယ်၊ များ သောအားဖြင့် သူတို့ ရဲ့ ပညာတွေကို သုံးဖို့ အတွက် အကွာအဝေး တစ်ခုမှာ နေရာယူကြပါတယ်၊ အနီးကပ် တိုက်ခိုက်တာက အရမ်းကို အန္တရာယ် များ ပါတယ်၊ ပိုင်ဇီရှန်ဆို အဆိပ်နဲ့ မှော်ရတနာတွေကို အသုံးပြုတာမှာ ကျွမ်းကျင်သူ တစ်ယောက်ပါ။

"ဝုန်း"

လက်သည်းနက်ကြီး တစ်ခုက ပေါ် လာပြီးတော့ နင်ကို အနောက်ကနေ တိုက်ခိုက်လိုက်ပါတယ်။

နင် ချက်ချင်းပဲ အဝေးကို ခုန်ပျံသွားပါတယ်၊ ဒီလက်သည်းနက်ရဲ့ တိုက်ခိုက်မှုအားမှာ ပါတဲ့ လေအားတစ်ခုတည်းက မြေပြင်ကို ကွဲထွက်သွားစေခဲ့ပါတယ်၊ အနက်ရောင် အစ်မွေးနဲ့ ဖုတ်ကောင်ကြီးက နင်ကို မာန်သွင်းပြီးတော့ ပြေးဝင် တိုက်ခိုက် လိုက်ပါတယ်။

နင်က ဖုတ်ကောင်နက်ကြီးရဲ့ တိုက်ခိုက်မှုကို ရှောင်ရှားရင်းနဲ့

"ပိုင်ဇီရှန် သေဖို့ သာ ပြင်ပေတော့"

ရုတ်တရက် မှော်ရတနာ ဓားပျံပေါင်း ၄ဂဂကျော်ကို ထိန်းချုပ် ဆင့်ခေါ်လိုက်ပါတယ်၊ အရောင် တလက်လက်နဲ့ အဖြူရောင် ဓားအလင်းက ဖြာထွက်လာပါတယ်။

"ဒါတွေကို အတင်း အားကုန်ထုတ် ထိန်းချုပ်ဖို့ မလိုဘူးပဲ၊ ငါလိုတာ

က ဒါတွေကို ရေစီးအတိုင်း အလိုက်သင့် ထိန်းကျောင်းလိုက်ဖို့ ပဲ လို တာ၊ ငါ အဓိက နေရာတွေကို ထိန်းချုပ်လိုက်ရင် ဒီဓားပျံတစ်ထောင် ဝက်ပါ ဓားသိုင်းက အသုံးပြုရ ပိုလွယ်သွားပြီ"

နင် ဝက်ပါကို လေ့လာတုန်းက ဒီ ဓားပျံငယ် တစ်ထောင် ဝက်ပါ သို င်း အဆင့် ၅ကိုပါ စမ်းသပ် လေ့လာခဲ့ပါတယ်၊ ရေအောက်နန်းတော်မှာ တုန်းက ဒီအဆင့်အထိကို အသုံးပြုတုန်းက အရမ်းကို ပင်ပန်းပါတယ်။

အခုတော့ ပိုပြီး လွယ်ကူသွားပါပြီ၊ ပြီးတော့ နင် ဆက်တိုက် စမ်းသ ပ်ခဲ့လို့ အခုဆို ဓားပျံ ၄၀၅ ချောင်းဟာ ပိုပြီး မြန်ဆန် လာပြီး အစွမ်း ပို ထက်လာခဲ့ပါတယ်။

"မှော်ရတနာတွေ"

ဇီရှန် မျက်နှာ ချက်ချင်း ပျက်သွားပါတယ်။

"သူက မှော်ရတနာတွေကို ထိန်းချုပ် ပျံသန်း နိုင်စေတယ် ဆိုတော့ သူက ဇီဖူတန်ခိုးရှင် ဆိုတာ သေချာတယ်၊ မှော်ရတနာတွေက အများကြီးပဲ၊ ဒါတွေက အဆင့်မသတ်မှတ် ထားသေးတဲ့ ရတနာတွေ ဆို တာ သေချာတယ်၊ ဒါပေမဲ့ ဒီလောက် အများကြီးကျတော့ တော်တော် ဒု က္ခပေးနိုင်တယ်"

"ဂရုး"

အနက်ရောင် ဖုတ်ကောင်ကြီးက နင်ကို ဆက်တိုက် လိုက်လံ တိုက် ခိုက်လျက် ရှိပါတယ်၊ နင်ကလည်း လေတောင်ပံ ကိုယ်ဖော့သိုင်းနဲ့ အချိ န်တိုင်း ရှောင်ရှား နေခဲ့ပါတယ်၊ အသက်လု တိုက်ပွဲတွေမှာ ကိုယ်အား သာတဲ့ ပညာကိုပဲ အသုံးပြုကြတယ်လေ၊ ဒီ ဖုတ်ကောင်နက်ကြီးက အရ မ်းကို သန်မာပြီးတော့ ဖျက်ဆီးလို့ မရအောင်ကို မာကျောနေတယ်၊ သူ့

ကို ငတုံးတွေပဲ ထိပ်တိုက် ရင်ဆိုင် တိုက်ခိုက်မှာ ၊ ဒီဖုတ်ကောင်ကြီးက ဇီရှန် ထိန်းချုပ်ထားတာကို နင် သိနေပါတယ်၊ သူသာ ဇီရှန်ကို သေအောင် သတ်လိုက်ရင် ဒီကောင့်ကို ကြောက်နေစရာ မလိုတော့ဘူးလေ။

"ဓားပျံငယ်တစ်ထောင် ဝင်္ကပါ သိုင်းကွက် အဆင့် ၅"

ဓားပျံတွေ တလက်လက် လှုပ်ရှားလာပါတယ်။

"သွားတော့"

နက်ရဲ့ မျက်လုံးမှာ အရောင်တစ်ချက် လက်သွားပြီးတော့ အဝေးက ဇီရှန်ကို ကြည့်နေလိုက်ပါတယ်။

သူ့ရှေ့က မတည်မငြိမ် ဓားပျံတွေဟာ ရုတ်တရက် လျှပ်စီးလက်သလို ပြေးထွက် သွားကြပါတယ်၊ မိုးကြိုးပစ်လိုက်သလို အမြန်နှုန်းနဲ့ ပြေးထွက်သွားလို့ အနောက်မှာ အလင်းရောင် ကွေးလေး တစ်ခု ထင်ကျန်ရစ် နေခဲ့ပါတယ်၊ အဝေးက ပိုင်ဇီရှန်ဆီကို တည့်တည့် ပြေးဝင်သွားကြတာပါ၊ ဇီရှန်က လက်ထဲမှာ မြင်းမြီး ကျာပွတ်တစ်ချောင်းကို ထုတ်ယူကိုင်ဆောင် ထားလိုက်ပါတယ်၊ သူ ချက်ချင်းပဲ ကျာပွတ်နဲ့ ရိုက်လိုက်တဲ့အခါမှာ အဖြူရောင်ကြိုးမျှင်ပေါင်း ၃၀၀၀ကျော်ဟာ ပျံသန်းလာတဲ့ ဓားအလင်းတန်းကို ရစ်ပတ် ရင်ဆိုင် လိုက်ပါတော့တယ်။

သူ့ရဲ့ လေ့ပုံနဲ့ မြင်းမြီးကျာပွတ်ဟာ အစွမ်းထက်တဲ့ မှော်ရတနာတွေပါ။

ခလက် ခလက်

"မကောင်းဘူး"

သူ မျက်နှာပျက်သွားပြီး ချက်ချင်းပဲ မြင်းမြီးကျာပွတ်ကို အားထည့်ထိန်းချုပ် လိုက်ပါတယ်၊ အဖြူရောင် ကြိုးမျှင်တွေဟာ ပိုပြီး မာကျော

လာပြီးတော့ အလင်းရောင် ထွက် လာပြီး ဓားအလင်းတန်းတွေကို ရစ်ပတ်ပြီး ဇီရှန်ဆီကို မလာနိုင်အောင် ကာကွယ်လိုက်ပါတယ်၊ ဓားပျံသိုင်းကွက် ရပ်တန့်သွားခဲ့ပါတယ်။

ဒါကို မြင်တော့ နင်လည်း မျက်နှာပျက် သွားပါတယ်၊ ဒီ ဓားပျံငယ်တစ်ထောင် ဝက်ပါ သိုင်း အဆင့်၅က အစွမ်းမသေးပါဘူး၊ အဆင့် ၄က ဇီဖူ ကနဦး တန်ခိုးရှင် တစ်ယောက် မှော်ရတနာကို အသုံးပြုတဲ့ အစွမ်းနဲ့ ညီပါတယ်၊ အဆင့်၅ကတော့ ပိုပြီးကြမ်းတဲ့ ဇီဖူတန်ခိုးရှင် တစ်ယောက် အစွမ်းနဲ့ ညီပါတယ်။

ဇီရှန်က သွေးဆာတဲ့ အကြည့်နဲ့ နင်ကို ကြည့်ပြီးတော့ ...

"မင်းက ဇီဖူ တန်ခိုးရှင်ပါ၊ ဒီလောက် ငယ်ငယ်လေးနဲ့ မင်းက အရမ်းကို ကြောက်ဖို့ ကောင်းနေတာ၊ ငါ မင်းကို ဘယ်လိုမှ မလွှတ်ပေးလိုက်နိုင်ဘူး"

ဇီရှန်လက်ထဲမှာ ရတ်တရက် အနက်ရောင် အရာတစ်ခု ပေါ်လာပါတယ်၊ ဒါက ပျားအုံတစ်ခုနဲ့ ဆင်တူပါတယ်၊ တဖြည်းဖြည်းနဲ့ ၃မီတာလောက် အချင်းရှိတဲ့ အထိ တဖြည်းဖြည်း ကြီးထွားလာပါတယ်၊ ပျားအုံလို မရေမတွက်နိုင်တဲ့ အပေါက်လေးတွေ ပါပြီးတော့ အင်းဆက် တောင်ပံခတ်သံက ဆူညံနေပါတယ်၊ မရေမတွက်နိုင်တဲ့ ရွှေရောင် နကျယ်ကောင်တွေက အပေါက်တွေကနေ ပျံထွက်လာပါတယ်၊ မျက်စိတစ်မှိတ် အတွင်းမှာ ကောင်းကင်မှာ ပြည့်သွားပြီးတော့ အစုလိုက် အပြုံလိုက် နင်ဆီကို ပျံသန်း လာကြပါတယ်။

"အဆိပ်ပိုးကောင်တွေ"

နင် တစ်ချက် ကြောင်သွားပါတယ်၊ ပြီးတော့မှ သူ့ရှေ့က ဓားအလင်းတွေ နောက်တစ်ခါ ဖြာထွက်လာခဲ့ပါတယ်။

"သတ်"

ရွှစ်

ဓားအလင်းက ကောင်းကင်ကို ဖြာထွက်သွားပြီးတော့ နကျယ်ကောင် အုပ်ဆီကို တိုးဝင်သွားပါတယ်၊ ဓားအလင်းက အဆိပ်ပိုးကောင် ရာနဲ့ချီပြီးတော့ကို အပိုင်းပိုင်း ဖြတ်ထွက် သွားပါတယ်၊ ဓားအလင်းက အစွမ်းတွေ တစ်ဝက်လောက် လျော့ကျသွားပါတယ်၊ ဒါပေမဲ့ အလင်းရောင်က ပြန်ကွေ့ လာပြီးတော့ နောက်တစ်ကြိမ် ပိုးကောင်အုပ်ထဲကို ဝင်သွားပါတယ်၊ ဒီတစ်ခါမှာ တော့ ဓားအလင်းက စွမ်းအင်တွေ ကုန်သွားသလို ပိုးကောင် ရာနဲ့ ချီလည်း ထပ်သေဆုံး သွားပါတယ်။

"ငါ ဒါကို ဆက်ချနေလို့ မဖြစ်ဘူး"

နင် တောင်ပံရတနာကို သုံးပြီးတော့ ရှောင်တိမ်းလိုက်ပြီး ဓားပျံငယ်တစ်ထောင် ဝက်ပါဓားသိုင်းအတွက် ထုတ်ထားတဲ့ ဓားတွေထဲက တော်တော်များများကို ပြန်သိမ်းလိုက်ပါတယ်။

ဓားပျံငယ် တစ်ထောင် ဝက်ပါဓားသိုင်းက စွမ်းအင် အများကြီး လိုတယ်လေ၊ နင်က အဆင့် ၅ ကို နှစ်ကြိမ်ပဲ ထုတ်သုံးခဲ့ပြီး အဆင့် ၄ ကို တစ်ကြိမ် ထုတ်သုံးခဲ့ပြီးပါပြီ၊ ဒါကြောင့် သူ့ရဲ့ ဇင်တျန် ကီက ၆၀ - ၇၀ ရာခိုင်နှုန်းလောက်ပဲ ကျန်ပါတော့တယ်၊ ဒါပေမဲ့ အဆိပ်ပိုးကောင်တွေက သိန်းနဲ့ ချီပြီးတော့ ရှိနေပြီးတော့ ဓားချက် တစ်ချက်က အများဆုံးမှာ ၇၀၀ ၈၀၀လောက်ပဲ သတ်နိုင်တာပါ။

သူ့မှာ ကီစွမ်းအင် အဆုံးအစ မရှိ ရှိနေရင်တောင်မှ အဆိပ်ပိုးကောင်တွေ သူ့အနားကို မရောက်ခင် ၃ - ၄ ချက်လောက်ပဲ ဓားချက်ကို ထုတ်သုံးနိုင်မှာ ပါ။

"သူ သေမှာ သေချာပါတယ်"

ပိုင်ဇီရှန် နင်ကို ကြည့်နေမိပါတယ်။

"ရေမီးကြာပန်း"

နင် ဆင့်ခေါ်လိုက်တာနဲ့ ရေမီးကြာပန်းပွင့်ချပ်ကြီးတွေ တစ်ချပ်ပြီး တစ်ချပ် ပေါ် လာပြီးတော့ သူ့ကို ကြာဖူးပုံသဏ္ဌာန် ဝန်းရံလိုက်ပါတယ်။

"ကြာပန်းဖူးက ၃ဖူး လုပ်လို့ ရတယ်"

နင် သူ့အစွမ်းကုန် အသုံးချလိုက်တာပါ၊ ရေမီးကြာပန်းဖူးတိုင်းမှာ ရေမီးကြာပန်းပွင့်ချပ် ၃ခုဆီ ရှိပါတယ်၊ ကြာပန်းဖူးကြီးက ကြာပန်းဖူး လေးတွေကို အဆင့်ဆင့် ငုံငုံသွားတဲ့ အတွက် ကြာပန်းဖူး ၃ထပ်က ပြေး လွှားနေတဲ့ နင်ကို ဝန်းရံ ကာကွယ်ပေးနေပါတယ်။

နင်ပြေးနေရတာကတော့ အနက်ရောင် ဖုတ်ကောင်ကြီးက ဆက် တိုက် လိုက်တိုက်ခိုက်နေလို့ ပါ၊ သူ သတိလုံးဝ မလစ်ရဲပါဘူး။

အဆိပ်ပိုးကောင်တွေ နင်ကို ဖြန့်ကြက်ပြီးတော့ ဝန်းရံသွားပါတော့ တယ်၊ ပထမဦးဆုံး ကြာပန်းဖူးကို ဖောက်ဝင်ဖို့ ကြိုးစားနေကြပါတယ်၊ ဒီ ရေမီးကြာပန်းဖူးမှာ ပွင့်ဖတ်က ရေ ၃ လွှာ မီး ၃လွှာ ရှိနေပြီးတော့ တ စ်ခုနဲ့ တစ်ခု ဆန့်ကျင်ဘက်ကို လှည့်ပတ်လျက် ရှိပါတယ်၊ ပိုးကောင် တွေက နင်ဆီကို ထိုးဖောက် ဝင်ရောက် လာတဲ့ အခါမှာ တော့ ကြာပန်း ပွင့်ချပ်တွေက အမှုန့်ခြေပစ် လိုက်ပါတယ်၊ ဒါပေမဲ့ ပိုးကောင်တွေက ချ က်ချင်း ပြန်ကောင်း သွားပြီးတော့ ကြာပန်း ပွင့်ဖတ်တွေက လွတ်နေတဲ့ ကြားတွေကနေ တိုးဝင်သွားတဲ့ အတွက် တစ်လွှာပြီး တစ်လွှာကို ဖော က်ဝင်လာခဲ့ပါတယ်၊ ဒါပေမဲ့ ပိုးကောင်ပေါင်းများ စွာ သေကျေပျက်စီးခဲ့ ပါတယ်။

"အစစ်အမှန် တာအို အနှစ်သာရပါနေတဲ့ အကာအကွယ် ပညာရပ်ပဲ၊ ဂျိနင်က ဘယ်ကနေ တတ်လာခဲ့တာလဲ"

သူ့ရဲ့ ပိုးကောင်တွေ အများကြီး သေကျေတာကို မြင်နေရတဲ့ အတွက် ပိုင်ဇီရှန်က ရင်ဘတ် အောင့်လာရုံတင် မကပဲ ပါးစပ် အဟောင်းသားပါ ဖြစ်သွားပါတယ်၊ ဘာလို့ လဲဆိုတော့ အရမ်းကို အစွမ်းထက်တဲ့ ဓားသိုင်းတစ်ခုက တန်ဖိုးကြီးလွန်းတယ် ဆိုရင် ဒီလို အကာအကွယ် ပညာရပ်က ပိုပြီးတော့ တန်ဖိုးကြီးပါတယ်၊ သူ့ကျောင်းမှာ တောင်မှ ဒီလို ပညာရပ် တတ်တဲ့ သူက တော်တော်ကို ရှားပါတယ်။

ဂျိနင်က ဒီပညာကို သူ့ဖာသာသူ တီထွင်ခဲ့တယ်ဆိုတာ သူဘယ်လိုလုပ် သိမှာ လဲ။

"သူတို့ တွေ တတိယ ကြာဖူးကို ဖြတ်လာကြပြီ" ဒါပေမဲ့ ဒီ ပိုးကောင်တွေရဲ့ ခန္ဓာကိုယ်က အရမ်းကို မာကျောလွန်းပါတယ်၊ သူ ပိုးကောင်တော်တော်များများကို တားဆီးပြီးတာတောင်မှ နောက်ထပ် ပိုးကောင်တွေက ပေါ်ပေါ်လာပါတယ်၊ ပိုးကောင်တချို့က နင်ရဲ့ ချပ်ဝတ်တန်ဆာတွေကို ကိုက်ဖောက်ပြီးတော့ အသားကိုပါ ကိုက်ဖဲ့လာပါတယ်။

"သေစမ်း"

နင်က သူ့လက်ထဲက ဒက်နော့ဓားနဲ့ ပိုးကောင်တွေကို သတ်ဖြတ်ပစ်လိုက်သလို သူ့ခန္ဓာကိုယ်က ဒဏ်ရာတွေကလည်း တစ်ချိန်တည်းမှာ ပြန်ကောင်းသွားပါတယ်။

"ငါ ဒီလိုဆက်ချနေလို့ မဖြစ်တော့ဘူး၊ ငါ့မှာ ဖင်းဂေါ့ ခန္ဓာကိုယ်ရှိလို့ ဒဏ်ရာတွေက ပြန်ကောင်းသွားပေမဲ့ ဒီပိုးကောင် အရေအတွက်က တဖြည်းဖြည်း ပိုပို များ လာတယ်၊ ငါ့ကို သူတို့ တွေ ဝါးမျိုသွားလိမ့်မယ်၊ ဒီ အဆိပ်ပိုးကောင်တွေက ပိုင်ဇီရှန် ထိန်းချုပ်ထားတာတွေပဲ ဆိုတော့

သူ့ကို သေအောင် သတ်လိုက်ရင် ရပြီ"

နင် အဆိပ်ပိုးကောင်တွေကို လျစ်လျူရှုလိုက်ပြီးတော့ နောက်ဆုံး တိုက်ခိုက်မှုကို ပြင်ဆင် လိုက်ပါတော့တယ်။

"သူ့မှာ ဖင်းဂေါ့ ခန္ဓာကိုယ် ရှိတယ်ဟ.."

ပိုင်ဇီရှန် ဒေါသ အစ်မျက်ချောင်းချောင်း ထွက်လာပါတယ်။

"သူ့ဒဏ်ရာ ပြန်ကောင်းနိုင်စွမ်းက အရမ်းကို ကောင်းလွန်းတယ်၊ ပြီးတော့ အကာအကွယ် ပညာနဲ့ ... ဒီလိုသာ ဆက်စခန်းသွားရင် ငါ့ရဲ့ နကျယ်ကောင်တွေက သူ့ကို ဝါးမျိုလို့ ပြီးတဲ့ အချိန်ဆို ငါ့အဖိုးတန် နကျယ်ကောင်လေးတွေလည်း အကုန်လုံးနီးပါး သေနေလောက်ပြီ၊ ငါ့ရဲ့ မှော်ရတနာက လုပ်တာ မပြီးသေးလို့ ထုတ်သုံးလိုက်ရင် ဝိညာဉ်မိစ္ဆာတွေ တော်တော် ထိခိုက်ကုန်မှာ ပဲ၊ ဒါပေမဲ့လည်း မတတ်နိုင်တော့ဘူးလေ"

ပိုင်ဇီရှန် လက်ကို ဆန့်တန်းလိုက်ပါတယ်၊ လက်ထဲမှာ သွေးရောင် အလံတိုင်တစ်ခု ပေါ်လာပါတော့တယ်၊ မျက်စိနဲ့ မြင်ရလောက်အောင် ကြီးမားတဲ့ ပြစ်မှု အလင်းရောင်တွေဟာ အလံတိုင်မှာ ရှိနေပါတယ်။

ဒီအလံတိုင် ပေါ်လာတာနဲ့ ပတ်ဝန်းကျင်တစ်လောကလုံး တဖြည်းဖြည်း မှောင်မိုက်လာပါတယ်။

"ဂျိနင် သေဖို့ ပြင်ထားတော့"

ပိုင်ဇီရှန် အလံတိုင်ကို ဝှေ့ယမ်းလိုက်ပါတယ်။

ဂျိနင်ကိုတော့ ရေမီးကြာပန်းတွေကို ဖြတ်သွားနိုင်တဲ့ ပိုးကောင်တွေက ဝိုင်းကိုက် နေကြပါတယ်၊ သူ့ဝန်းကျင်မှာ တော့ မှော်ရတနာအား ၄၈ ၆ လက် ပေါ်လာပါပြီ၊ ဒီလို သေရေး ရှင်ရေး အချိန်မှာ နင်က သူ့ရဲ့ အ

တိုင်းအဆကိုပါ စမ်းသပ်လိုက်ပါတယ်၊ ဘာလို့ လဲဆိုတော့ ဓားပျံငယ် တစ်ထောင် ဝင်္ကပါသိုင်းကို အဆင့် ၅ အထိ သုံးတာတောင်မှ ရန်သူကို သတ်လို့ မရသေးဘူးလေ၊ သူ့ရန်သူကို သတ်နိုင်ဖို့ ဆိုရင် အဆင့် ၆ ကို သုံးနိုင်မှ ပဲ ဖြစ်တော့မယ်။

သွေးအလံက လေထဲမှာ လွင့်နေပါတယ်။

ဓားပျံပေါင်း ၄၈၆ ချောင်းကလည်း လေထဲမှာ လွင့်နေပြီးတော့ ဓား ရောင်တွေက တလက်လက်နဲ့ တောက်ပလို့ နေပါပြီ။

Chapter 3 ပြီးပါပြီ၊

***